# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်

# အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို

# ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

# (၂၀၁၈ ခုနှစ်)

# နှင့်

# ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

# (၂၀၂၀ ပြည့်နှစ်)

# The Law of Protection of the Farmer Rights and Enhancement of their Benefits

## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ
(၂၀၁၂ ခုနှစ်)

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၄ ခုနှစ်)

## တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ
(၂၀၁၈ ခုနှစ်)

**"The Law of Protection of the Farmer Rights and Enhancement of their Benefits" ၊ "The Law Amending the Protection of Farmer Rights and Enhancement of their Benefits Law" and "The Second Amending Law of the Protection of Farmer's Rights and Enhancement of their Benefits Law"**

## CONTENTS


| NO | PARTICULAR | PAGE |
|---|---|---|
| 1 | Chapter I<br>Title and Definition | 1 |
| 2 | Chapter II<br>Objectives | 4 |
| 3 | Chapter III<br>Formation of Leading Body for Protection of Farmer Rights and Enhancement of their Benefits and Duties and Functions thereof | 5 |
| 4 | Chapter IV<br>Protection of the Farmer Rights and Enhancement of their Benefits | 9 |
| 5 | Chapter V<br>Loan and Assistance | 11 |
| 6 | Chapter VI<br>Technology, Inputs and Production Assistance | 13 |

| NO | PARTICULAR | PAGE |
|---|---|---|
| 7 | Chapter VII<br>Carrying Out to get Reasonable Prices and Market for Agricultural Produces | 14 |
| 8 | Chapter VIII<br>Miscellaneous | 15 |
| 9 | The Law Amending the Protection of Farmer Rights and Enhancement of their Benefits Law | 17 |
| 10 | The Second Amending Law of the Protection of Farmer's Rights and Enhancement of their Benefits Law | 19–29 |

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ ပြင်ဆင်သည့် ဥပဒေနှင့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂)<br>ရည်ရွယ်ချက် | ၄ |
| ၃။ | အခန်း (၃)<br>တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၅ |
| ၄။ | အခန်း (၄)<br>တောင်သူလယ်သမားအခွင့်အရေးကာကွယ်ခြင်း နှင့် အကျိုးစီးပွားမြှင့်တင်ခြင်း | ၉ |
| ၅။ | အခန်း (၅)<br>ချေးငွေနှင့်အကူအညီများပေးခြင်း | ၁၁ |
| ၆။ | အခန်း (၆)<br>နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်း ဆိုင်ရာ ပံ့ပိုးကူညီခြင်း | ၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇။ | အခန်း (၇)<br>လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း | ၁၄ |
| ၈။ | အခန်း (၈)<br>အထွေထွေ | ၁၅ |
| ၉။ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁၇ |
| ၁၀။ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ | ၁၉-၂၉ |

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ နှင့် ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ | ၃၀ |
| ၂။ | အခန်း (၂)<br>လုပ်ကွက်ငယ်သတ်မှတ်ခြင်း | ၃၂ |
| ၃။ | အခန်း (၃)<br>လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၃၃ |
| ၄။ | အခန်း (၄)<br>သုတေသနလုပ်ငန်းများ | ၃၉ |
| ၅။ | အခန်း (၅)<br>စိုက်ပျိုးရေ ရရှိရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း | ၄၃ |
| ၆။ | အခန်း (၆)<br>သွင်းအားစုများအတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်း | ၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | အခန်း (၇)<br>ချေးငွေများထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း | ၄၉ |
| ၈။ | အခန်း (၈)<br>သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများအတွက် အကူအညီပေးခြင်း | ၅၄ |
| ၉။ | အခန်း (၉)<br>လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း | ၅၆ |
| ၁၀။ | အခန်း (၁၀)<br>တန်ဖိုးမြင့်ထုတ်ကုန်များ ပေါ်ထွန်းလာရေး | ၆၁ |
| ၁၁။ | အခန်း (၁၁)<br>အထွေထွေ | ၆၂ |
| ၁၂။ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ | ၆၅–၇၀ |

# The Law of Protection of the Farmer Rights and Enhancement of their Benefits (2013)

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ (၂၀၁၃ ခုနှစ်)

# The Law of Protection of the Farmer Rights and Enhancement of their Benefits

**(Pyidaungsu Hluttaw Law No. 32, 2013)**

**$4^{th}$ waxing of Thadinkyut, 1375 M.E**

**($8^{th}$ October, 2013)**

The Pyidaungsu Hluttaw hereby enacts this Law.

## Chapter I
## Title and Definition

1. This shall be called **the Law of Protection of the Farmer Rights and Enhancement of their Benefits.**

2. The following expressions contained in this Law shall have the meanings given hereunder:

   (a) **Government** means the Government of the Republic of the Union of Myanmar;

   (b) **Leading Body** means the Leading Body of protection of the farmer rights and enhancement of their benefit formed under this Law;

   (c) **Working Body** means respective Working Bodies of protection of the farmer rights and enhancement of their benefits in the Region or State and Union territory formed by the Leading Body;

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။)**

**၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် –

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ကိုဆိုသည်။

(ခ) **ဦးဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဆိုသည်။

(ဂ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်း ပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ တောင်သူလယ်သမား အခွင့် အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး လုပ်ငန်း အဖွဲ့အသီးသီးကို ဆိုသည်။

(d) **Farmer** means a person who corresponds with any of the followings:

(i) a person who carries out himself or a person who has been carried out continuously by himself the agriculture or livestock breeding or both by using the land or by other means as his main living;

(ii) a person who supervises by himself the agriculture or livestock breeding or both by using the land or by other means in respective year as his main living throughout the business;

(iii) a person who carries out by himself or who supervises throughout the business by capitalizing the investment in order to produce seasonal crops, horticultural crops, perennial crops or commercial livestock breeding by using the land or by other means;

(ဃ) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည် -

(၁) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်း နှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန် အလို့ငှာ အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံ လုပ်ကိုင်သူ၊

(iv) a person who participates in business relating to agriculture and livestock breeding by using the land or by other means;

(v) a person who produces and sells seedlings, seeds, breeds and offsprings by himself by using the land or by other means for agriculture, livestock breeding and the production connecting to them;

(e) **Small Plot** means a small plot specified by the rules made under this Law;

(f) **Agricultural produce** means a product comes from agriculture or livestock breeding;

(g) **Input** means costs, equipment and all family labour used from the time of preparation of agriculture and livestock breeding to the market;

(၄) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက်များကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။

(ဃ) **လုပ်ကွက်ငယ်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများဖြင့် သတ်မှတ်သည့် လုပ်ကွက်ငယ်ကို ဆိုသည်။

(င) **လယ်ယာထုတ်ကုန်** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(စ) **သွင်းအားစု** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့် အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများ အားလုံးကို ဆိုသည်။

(h) **Agriculture Capital** means all form of lands, nursery ponds, fish ponds, breeding farms, materials and equipment including invested inputs from the time of preparation of agriculture and livestock breeding to the market;

(i) **Farm Land** means land considered as low land, upland, silty land, high elevation upland, perennial crops land, nipa palm land, garden land or horticultural crops land or alluvial land. In these expressions, housings, religious buildings and precients within town boundary and village boundary and communal land which are not used for agriculture are not included.

## Chapter II
## Objectives

3. Objectives of this Law are as follows:

(a) to support farmers by providing suitable loans and assistance for investment;

(ဇ) **လယ်ယာကုန်ထုတ်အရင်းအနှီး** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် သွင်းအားစုများ အပါအဝင် လယ်ယာမြေများ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ မွေးမြူရေးခြံများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသုံးချပစ္စည်း ကိရိယာများအားလုံးကို ဆိုသည်။

(ဈ) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟု သော်လည်းကောင်း သတ်မှတ်သည့်မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ် နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

(b) to manage for providing technology, input and production facility to farmers smoothly to improve production;

(c) to assist farmers for getting reasonable price and market in selling agricultural produces;

(d) to protect the rights of farmers possessing small plot and to enhance their benefits effectively;

(e) to provide aids as much as possible for loss and damage caused by any natural disaster.

## Chapter III
## Formation of Leading Body for Protection of Farmer Rights and Enhancement of their Benefits and Duties and Functions thereof

4. The Union Government shall, in order to perform protection of farmer rights and enhancement of their benefits, form the Leading Body with the following persons led by the Union Minister for the Ministry of Agriculture and Irrigation, the Union Minister for the Ministry of Livestock Breeding, Fisheries and Rural Development and the Union Minister for the Ministry of Commerce of the Union Government:

(a) representatives from appropriate Union Ministries;

(ခ) ထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူ အဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လယ်ယာ ထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီ ဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးရန်။

## အခန်း(၃)

## တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊

(b) persons from organizations representing farmers and other appropriate organizations.

5. Duties and functions of the Leading Body are as follows:

(a) assisting farmers to produce and sell profitable crops freely;

(b) educating the right choice of cropping pattern conformity with the region;

(c) arranging loan and assistance for the farmer when it is required for agricultural production;

(d) assisting to sell agricultural produces freely within the country and to export them legally;

(e) supporting modern technology and inputs for the development of agriculture and livestock breeding, establishment and encouragement of research;

(f) assisting and encouraging farmers to be familiar with insurance system of agricultural produces, system of keeping at warehouse, system of pledging crop and profit sharing system in agriculture and livestock breeding and habits;

(ခ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။

၅။ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် ကူညီ ဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံ မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့် အချိန်၌ ချေးငွေနှင့် အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင် တင်ပို့ခွင့် ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့် သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(စ) တောင်သူလယ်သမားများအား လယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စနစ်တို့နှင့်အလေ့အကျင့်များ ရရှိစေရန် အားပေးကူညီခြင်း၊

(g) linking with the market to get reasonable prices for agricultural produces of farmers;

(h) coordinating with the relevant Ministries to get continuous import quota of the trading partner in exporting agricultural produces, communicating and coordinating with international organizations and regional organizations of each category of agricultural produce;

(i) communicating to get information of agricultural produce markets and prices comprehensively and timely;

(j) assisting and protecting farmers in respect of the rights of farmers and assurance of permission to carry out the farm land;

(k) submitting to the Pyidaungsu Hluttaw, through the Union Government, to amend if there are provisions which inhibit the rights and benefits of farmers in any existing law;

(ဆ) တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိစေရန် ဈေးကွက်နှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊

(ဇ) လယ်ယာထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန် အမျိုးအစားအလိုက် ဖွဲ့စည်း ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာထုတ်ကုန် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် အချိန်မီ သိရှိရန် ဆက်စပ် ဆောင်ရွက်ခြင်း၊

(ည) တောင်သူ လယ်သမားများ၏ အခွင့်အရေးများ နှင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးတို့နှင့်စပ်လျဉ်း၍ တောင်သူ လယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်း နှင့် အကာအကွယ်ပေးခြင်း၊

(ဋ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များရှိပါက ပြင်ဆင် ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်း၊

(l) giving prior assistance to farmers possessing small plot who encounter damage to the farm land and crops due to a natural disaster or infestation of pests or diseases and other causes;

(m) coordination with the relevant Union Ministries, Region or State Government, Administrative Organization of the Union Territory and non-government organizations in order to implement its duties and functions effectively;

6. The Leading Body-

(a) may, if necessary, assign by forming the Agricultural Produce Management Body;

(b) shall, by analyzing the category of the crops to purchase and purchasing plan submitted by the Agricultural Produce Management Body, submit to the Union Government.

7. The Leading Body shall form necessary working committees or working bodies with suitable persons from the Region Government, State Government and Administrative Organization of the Union Terriority and other experienced persons and assign them in implementing the objectives and functions of this Law.

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားသောအကြောင်းများကြောင့် သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ် တောင်သူလယ်သမားအား အထူးဦးစားပေး ကူညီထောက်ပံ့ခြင်း၊

(ဍ) မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စု နယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း။

၆။ ဦးဆောင်အဖွဲ့သည်–

(က) လိုအပ်ပါက လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ခ) လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသောဝယ်ယူမည့် ကောက်ပဲသီးနှံ အမျိုးအစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရမည်။

၇။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သောပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## Chapter IV
## Protection of the Farmer Rights and Enhancement of their Benefits

8. The Leading Body shall coordinate and assist farmers in order to get the following rights:

(a) right to select and cultivate crops they desire freely on their farm land without injuring paddy cultivation, the stable food of the State;

(b) right to get reasonable agricultural loan;

(c) right to transport and sell agricultural produces freely;

(d) right to insure agricultural produces;

(e) right to establish farmer associations or organizations in accord with the existing laws;

9. The Leading Body shall undertake the following rights and benefits which are entitled to peasants:

(a) connecting, as managing by coordination necessary, to protect the right of farmers in accord with law;

(b) carrying out to get required inputs for farmers and benefits relating to the farm land in accord with the existing laws;

## အခန်း(၄)

## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့်အကျိုးစီးပွားမြှင့်တင်ခြင်း

၈။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါ အခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီ ဆောင်ရွက်ပေးရမည်-

(က) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ် စိုက်ပျိုးခွင့်၊

(ခ) သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမား အသင်း အဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

၉။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အောက်ပါ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည်-

(က) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက် ရန် ဥပဒေနှင့်အညီ လိုအပ်သလို ဆက်စပ်ဆောင်ရွက်ပေး ခြင်း၊

(ခ) တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိ စေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ နှင့်အညီ အကျိုးခံစားခွင့် ရရှိစေရေးအတွက် ဆောင်ရွက် ပေးခြင်း၊

(c) coordinating to get reasonable prices and markets for cereals and crops produced by peasants;

(d) protecting in order not to occur land acquisition which is unfair and not in conformity with the existing laws;

(e) assisting to enjoy full rights of Agricultural Labours.

10. The Leading Body shall take necessary measures in order to protect the rights which are entitled to farmers possessing small plots and to promote the rights of farmers effectively.

11. The Leading Body shall coordinate and contribute necessary technology, resource, machine, raw material in order to reform manual agriculture to mechanized agriculture.

12. The Leading Body shall submit to the Union Government in order to implement effectively by laying down the National Plan for the simultaneous development around the country of getting agricultural water and communication of roads for production.

(ဂ) တောင်သူလယ်သမားများစိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာ သိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊

(င) လယ်ယာလုပ်သားများ၏ ရထိုက်သော အခွင့်အရေးများကို အပြည့်အဝ ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

၁၀။ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်နိုင်ရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၁၂။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေ ရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်းမျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

## Chapter V
## Loan and Assistance

13. The Leading Body shall, with the approval of the Pyidaungsu Hluttaw through the Union Government, in order to a year long loan, short term and long term loan within the limit of the Union Fund and provide necessary assistance and aids for getting reasonable resource in carrying out agriculture and livestock breeding of farmers.

14. The Leading Body shall, with the approval of the Union Government, stipulate the amount of loan, low interest rate, period of pay back and terms and conditions in loaning under section 13.

15. The Leading Body shall, in respect of loans, coordinate to be in time with the respective growing season and production season to loan farmers when they need resource and to pay back when their agricultural produces are harvested and when they get income.

16. The Leading Body shall manage to have loan, assistance and aids to farmers who are actually entitled to enjoy it.

## အခန်း(၅)
## ချေးငွေနှင့် အကူအညီများ ပေးခြင်း

၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများကို ပြည်ထောင်စု ရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သော အကူအညီနှင့် အထောက်အပံ့များ ပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၄။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၁၃ အရ ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမည့် ငွေပမာဏ၊ သက်သာသော အတိုးနှုန်း၊ ပြန်ဆပ်ရမည့်ကာလနှင့် စည်းကမ်းချက်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၁၅။ ဦးဆောင်အဖွဲ့သည် ချေးငွေများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ လုပ်ငန်းအတွက် အရင်းအနှီး လိုအပ်ချိန်တွင် ထုတ်ချေးနိုင်ရေးအတွက် လည်းကောင်း၊ လယ်ယာထုတ်ကုန်များ ရောင်းချနိုင်သည့် သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ညှိနှိုင်း ဆောင်ရွက်ရမည်။

၁၆။ ဦးဆောင်အဖွဲ့သည် ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို အမှန်တကယ် ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

17. The Leading Body shall:

(a) arrange to get necessary assistance and aids for farmers if their farm lands, agricultural produces and agricultural resources are damaged due to a natural disaster or inundated with salt water or infestation of diseases and other causes;

(b) submit the recommendation with situational analysis to the Union Government in order to incur a reasonable amount of money from the Union Fund to get relief in respect of the loss of farmers possessing small plots in carrying out assistance under sub-section (a).

18. The Leading Body shall supervise for taking action in accord with the relevant existing laws if agricultural produces are damaged and agricultural resources are lost because of shortcoming and inconsistent with the guaranteed standard of seeds, fertilizer, pesticides, weedicides and any other chemical for agriculture or livestock breeding.

၁၇။ ဦးဆောင်အဖွဲ့သည် -

(က) သဘာဝ ဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့် သော်လည်းကောင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့်အထောက်အပံ့များ ရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင်လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ယင်းတို့၏ ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ သက်သာမှု ရရှိစေရန်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သော ပမာဏတစ်ရပ်ကို ကျခံနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တွက်ချက် တင်ပြရမည်။

၁၈။ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ပေါင်းသတ်ဆေးနှင့် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းသုံး အခြားဓာတုဆေး တစ်မျိုးမျိုး၏ အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့်လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့် လယ်ယာကုန်ထုတ် အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

19. The Leading Body shall arrange to get necessary assistance and appropriate aids to farmers whose livestock are being destroyed and killed by the concerned authority in accord with law for the sake of public health because of a natural disaster or infestation of epidemic disease.

## Chapter VI
## Technology, Inputs and Production Assistance

20. The Leading Body shall, in respect of agriculture and livestock breeding, carry out the followings:

(a) encouraging to develop standard private seed research works and private seed production;

(b) coordinating with local and foreign organizations to get modern agriculture and livestock breeding technology which are appropriate with the region and nature and technology which raises the prices of agricultural produce for farmers and education;

(c) coordinating to get information relating to meteorology, natural disaster, infectious diseases and other related information to farmers as soon as possible;

၁၉။ ဦးဆောင်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခု ကျရောက်ခြင်းကြောင့် အများပြည်သူ ကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သော အကူအညီများနှင့် ထိုက်သင့်သော အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း(၆)

## နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ ပံ့ပိုးကူညီခြင်း

၂၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးမီသည့် ပုဂ္ဂလိကမျိုးစေ့ သုတေသနလုပ်ငန်းများနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာနည်းပညာများ၊ လယ်ယာထုတ်ကုန် တန်ဖိုးမြှင့်တင်ရေးဆိုင်ရာ နည်းပညာများရရှိရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊

(ဂ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန် ရောက်ရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(d) connecting with the organizations which carry out dissemination of market and price information to get local and foreign market and coordinating to increase marketable agricultural produces;

(e) coordinating with the relevant financial organizations to purchase agricultural machinery such as ploughing machine, harvesting machine and threshing machine in instalment by peasants;

(f) carrying out to guarantee in production, import, preparation, package and sales of fertilizer and pesticides that they meet with the standards and are safe for use and to aware farmers the defects of fertilizer and pesticides without guarantee in time.

## Chapter VII

## Carrying Out to get Reasonable Prices and Market for Agricultural Produces

21. The Leading Body shall, if necessary, form and assign the Agricultural Produce Management Body under sub-section (a) of section 6.

(ဃ) ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးအတွက် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်း ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပံ့ပိုး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက်စသည့် လယ်ယာသုံး စက်ကိရိယာများကို လယ်သမားများ အရစ်ကျ ဝယ်ယူ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက် ပါရှိစေရေးနှင့် အာမခံချက် မပါသော မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်း အားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီ သိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

## အခန်း(၇)
## လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန်ဆောင်ရွက်ခြင်း

၂၁။ ဦးဆောင်အဖွဲ့သည် လိုအပ်ပါက ပုဒ်မ ၆ ပုဒ်မခွဲ (က)အရ လယ်ယာ ထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

22. The Leading Body shall, in order to protect the rights and to enhance the benefits of farmers, arrange to purchase by suitable means including tender system by the Agricultural Produce Management Body if agricultural produces are necessary to purchase.

23. Leading Body shall, after examining the category of crops and the plan to purchase under section 22, submit to the Union Government.

24. The Leading Body shall, in order to incur required fund from the Union Budget in purchasing agricultural produce, get approval from the Union Government.

25. Profit and loss account resulted from trading shall be audited by the auditor assigned by the Leading Body.

26. The Agricultural Produce Management Body may, in performing its functions, coordinate with the relevant department and organizations and regional working bodies.

## Chapter VIII

## Miscellaneous

27. Whoever commits cutting off or misappropriation of loan, assistance and aids by any means shall be deemed committing dishonest misappropriation under the Penal Code.

၂၂။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရန် အလို့ငှာ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန်လိုအပ်လျှင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ်အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ ဝယ်ယူမည့် ကောက်ပဲသီးနှံ အမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၄။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ဝယ်ယူရာတွင် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ် စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။

၂၆။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများနှင့် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၈)
## အထွေထွေ

၂၇။ မည်သူမဆို ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

28. The Ministry of Agriculture and Irrigation shall be responsible for the expenses and office works of the Leading Body.

29. In implementing this Law:

(a) the Ministry of Agriculture and Irrigation may, with the approval of the Union Government, issue necessary rules, regulations and by- laws in coordination with the Leading Body;

(b) the Leading Body and the relevant Union Ministries may issue necessary notifications, orders, directives and procedures.

---

I hereby sign under the Constitution of the Republic of the Union of Myanmar.

(Sd.) Thein Sein

President

The Republic of the Union of Myanmar

၂၈။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများအတွက် တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဦးဆောင်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# The Law Amending the Protection of Farmer Rights and Enhancement of their Benefits Law (2014)

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်)

**The Law Amending the Protection of Farmer Rights and Enhancement of their Benefits Law**

**(Pyidaungsu Hluttaw Law No. 47, 2014)**

**13th Waning of Tazaungmon, 1376 M.E.**

**(19 November, 2014)**

The Pyidaungsu Hluttaw hereby enacts this Law.

1. This Law shall be called **the Law Amending the Protection of Farmer Rights and Enhancement of their Benefits Law.**

2. Section 4 of the Protection of Farmer Rights and Enhancement of Their Benefits Law shall be substituted as follows:

"4. The Union Government shall, for enabling to perform protection of farmer rights and enhancement of their benefits, from the Leading Body with the following persons led by a Vice President.

(a) The Union Level personnel from relevant Union Ministries;

(b) Persons from the relevant Government departments and Government organizations;

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇ ။)**

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်**

**(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(c) Persons from organizations representing farmers and other appropriate organizations."

---

I hereby sign in accord with the Constitution of the Republic of the Union of Myanmar.

(Sd.) Thein Sein
President
The Republic of the Union of Myanmar

( ဂ) တောင်သူလယ်သမားအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြား အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။”

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# The Second Amending Law of the Protection of Farmer's Rights and Enhancement of their Benefits Law

# (2018)

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

# (၂၀၁၈ ခုနှစ်)

# The Second Amending Law of the Protection of Farmer's Rights and Enhancement of their Benefits Law

**(The Pyidaungsu Hluttaw Law No.36, 2018)**

**The 11th Waxing of Nadaw. 1380 M.E.**

**(18th December 2018)**

The Pyidaungsu Hluttaw hereby enacts this Law.

**1.** This law shall be called **the Second Amending Law of the Protection of Farmer's Rights and Enhancement of their Benefits Law.**

2. The expressions "the Ministry of Agriculture and Irrigation" and "the Union Government" contained in the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted by the expressions "the Ministry of Agriculture, Livestock and Irrigation" and "the Government" respectively.

3. After sub- section(e) of section 3 of the Protection of Farmer's Rights and Enhancement of their Benefits Law, sub-sections (f) and (g) shall be inserted as follows:

"(f) to assist farmers not to be affected by farm-land acquisition and to protect land use right;

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)

## ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်

## (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေတွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စု အစိုးရအဖွဲ့" ဆိုသည့်စကားရပ်ကို "အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ၃၊ ပုဒ်မခွဲ (င)၏နောက်တွင် ပုဒ်မခွဲ(စ) နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူ လယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင် ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေး အတွက် ကာကွယ်ဆောင်ရွက်ပေးရန်၊

(g) to emphasize the enactment of a law relating to farmers organization."

4. The introduction and sub–section (c) of section 4 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"4. The Government shall, in order to protect farmer's rights and enhance their benefits, from the Leading Body with the following persons led by a Vice– President:

(c) persons from organizations that represent for farmers and other appropriate organizations and experienced external persons."

5. After sub–section 4 of the Protection of Farmer's Rights and Enhancement of their Benefits Law, section 4– A shall be inserted as follows:

"4–A. The Government may re–form the Leading Body formed under section 4, if necessary."

6. In section 5 of the Protection of Farmer's Rights and Enhancement of their Benefits Law:

(a) sub–sections (a), (b) and (c) shall be substituted as follows:

(ဆ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်။"

၄။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေ ပုဒ်မ ၄ ၏ ခြေဆင်းနှင့် ပုဒ်မခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ အစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတ တစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ရမည်-

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းအတွေ့အကြုံ ရှိသော ပြင်ပပုဂ္ဂိုလ်များ။"

၅။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၄ ၏နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄-က။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဦးဆောင် အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၆။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(a) assisting farmers freely to carry out profitable crops cultivation and livestock breeding in accordance with law;

(b) educating farmers to choose the cropping pattern and category of crops, and type of animals that are suitable for the region;

(c) arranging loans and assistance for farmers when it is required for agricultural production and livestock breeding;"

(b) After sub-section (j), sub-section (k) shall be inserted as follows:

"(k) coordination with relevant government departments and government organizations for enactment of a law relating to farmers organization;"

(c) The original sub-sections (k), (l) and (m) shall be renumbered as sub-sections (l),(m) and (n), and the renumbered sub-section (m) shall be substituted as follows:

“(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန် မွေးမြူခြင်းလုပ်ငန်းတို့ကို ဥပဒေနှင့်အညီ လွတ် လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင် ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံ၊ သီးနှံအမျိုး အစားနှင့် တိရစ္ဆာန်အမျိုးအစားကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးမွေးမြူနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ် လုပ်မှုလုပ်ငန်း သို့မဟုတ် မွေးမြူထုတ်လုပ်မှု လုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေ နှင့် အကူအညီများရရှိရန် စီစဉ်ဆောင်ရွက်ပေး ခြင်း၊”

(ခ) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ) အဖြစ် အောက်ပါ အတိုင်းဖြည့်စွက်ရမည်-

“(ဋ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေ တစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် သက်ဆိုင် ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊”

(ဂ) မူလပုဒ်မခွဲ (ဋ)၊ (ဌ) နှင့် (ဍ) တို့ကိုပုဒ်မခွဲ (ဌ)၊ (ဍ)နှင့် (ဎ)တို့အဖြစ် ပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(m) providing assistance priority to farmers who possess small plot and their farm land and crops, fish farms or livestock farms and animals raised on farms have been damaged by natural disaster or infestation of pest of disease or other causes;"

(d) After renumbered sub-section (n), sub-section (o) shall be inserted as follows:

"(o) coordination with relevant government departments and government organizations to fill necessary staff, to promote the qualification and skill of staff, to obtain certificates of good agriculture practice and good animal husbandry practice and necessary recommendation for agricultural produce, and to enjoy the rights of farmers in accordance with law."

7. In section 6 of the Protection of Farmer's Rights and Enhancement of their Benefits Law:

(a) sub-section (b) shall be substituted as follows:

"(b) shall submit categories of agricultural produce to be purchased and plan for purchase submitted by the Agricultural Produce Management Body to the Government, after analyzing them."

"(ဥ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့် အခြား အကြောင်း များကြောင့်သော်လည်းကောင်း လယ်ယာမြေ နှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုကို ဖြစ်စေ၊ ငါးမွေးကန် သို့မဟုတ် မွေးမြူရေးခြံနှင့် မွေးမြူ သည့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုကိုဖြစ်စေ ကြုံ တွေ့ရသော လုပ်ကွက်ငယ် တောင်သူလယ် သမားများအား ဦးစားပေး ကူညီထောက်ပံ့ခြင်း၊"

(ဃ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဎ) ၏ နောက်တွင် ပုဒ်မခွဲ (ဏ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းမှုရရှိရေး၊ ဝန်ထမ်း အရည်အသွေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လယ် ယာထုတ်ကုန်များအတွက် ကောင်းမွန်သော စိုက် ပျိုးရေးနှင့် မွေးမြူရေးကျင့်စဉ် လက်မှတ်များ နှင့် လိုအပ်သော ထောက်ခံချက်များရရှိရေး၊ တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ အခွင့်အရေးများရရှိရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။"

၇။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ပြ သော ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုး အစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကို စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။"

(b) after sub-section (b), sub-section (c) shall be inserted as follows:

"(c) may re-form the Agricultural Produce Management Body formed under sub- section(a), if necessary."

8. Section 7 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"7. The Leading Body:

(a) shall form necessary working committees or working bodies with suitable persons from the Region or State Government, Administrative Body of the Union Territory and other experienced external persons, and assign them in order to implement the objectives of this Law and functions of the Leading Body.

(b) shall re-form the working committees or working bodies formed under sub-section (a), if necessary."

9. In section 8 of the Protection of Farmer's Rights and Enhancement of their Benefits Law;

(a) The expression "freely" contained in sub- section (a) shall be substituted by the expression "in accordance with the relevant law"

( ခ ) ပုဒ်မခွဲ (ခ) ၏နောက်တွင်ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်–

"( ဂ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၇။ ဦးဆောင်အဖွဲ့သည်–

(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စု နယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့် လျော်သောပုဂ္ဂိုလ်များနှင့် လုပ်ငန်းအတွေ့အကြုံ ရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေး အပ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။"

၉။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၈ တွင်–

(က) ပုဒ်မခွဲ (က) တွင်ပါရှိသည့် "လွတ်လပ်စွာ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(b) sub-section (b) shall be substituted as follows:

"(b) right to get reasonable loans for agriculture and livestock breeding according to respective business;"

(c) After sub-section (e), sub-section (f) shall be inserted as follows:

"(f) right to use customary agricultural land of the indigenous people in accordance with laws."

10. In section 9 of the Protection of Farmer's Rights and Enhancement of their Benefits Law;

(a) the expression "cereals and crops produced by farmers" contained in sub-section (c) shall be substituted by the expression "farmer's agricultural produce."

(b) after sub-section (e), sub-sections (f) and (g) shall be inserted as follows:

"(f) encouraging to take action in accordance with law relating to agricultural produce imported from abroad illegally;

(g) supervising and assisting (farmers) to get qualified seedlings, seeds, breeds, offspring, fertilizers and pesticides, and animal food and veterinary drugs at reasonable price for agriculture and livestock breeding."

( ခ ) ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက် သင့်တင့်သော စိုက်ပျိုးရေးစရိတ် ချေးငွေ၊ မွေးမြူရေးစရိတ် ချေးငွေများ ချေးယူခွင့်၊"

( ဂ ) ပုဒ်မခွဲ (င) ၏နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(စ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ သတ်မှတ်ထားသည့် စိုက်ပျိုးမြေများကို တည်ဆဲဥပဒေများနှင့် အညီ အသုံးချပိုင်ခွင့်။"

၁၀။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၉ တွင်–

(က) ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် "တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ" ဆိုသည့် စကားရပ်ကို "တောင်သူလယ်သမားများ၏ လယ်ယာ ထုတ်ကုန်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (င) ၏နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

" ( စ ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော လယ်ယာ ထုတ်ကုန်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တွန်းအားပေးဆောင် ရွက်ပေးခြင်း၊

(ဆ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ အတွက် ပျိုးပင်၊ မျိုးစေ့၊ မျိုး၊ သားပေါက်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မွေးမြူရေးအစာနှင့် ဆေးဝါး စသည်တို့ကို အရည်အသွေးပြည့်မီပြီး ဈေးနှုန်း မှန်ကန်စွာ ရရှိစေရန် ကြီးကြပ်ကူညီ ဆောင်ရွက် ပေးခြင်း။"

11. Section 11 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"11. The Leading Body shall coordinate with farmers and contribute necessary technology, resources, machines and raw materials to reform in agriculture from conventional to mechanized farming and reform in livestock breeding from traditional to systematic livestock breeding."

12. Section 13 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"13. The Leading Body shall obtain the permission of the Pyidaungsu Hluttaw through the Government to grant farmers annual, short term and long term loans within the limit of the Union Budget in order to get reasonable resources and to provide necessary assistance and support to farmers for agriculture and livestock breeding."

13. Section 16 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"16. The Leading Body shall:

(a) ensure that the farmers who are, under any existing law, entitled to loans, assistance, support and reasonable resources receive them in full.

၁၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်လည်းကောင်း၊ မိရိုးဖလာ မွေးမြူရေးမှ စနစ်တကျမွေးမြူရေးလုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းအစရှိသည်တို့ကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးရမည်။"

၁၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။"

၁၃။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၆။ ဦးဆောင်အဖွဲ့သည်–

(က) ချေးငွေ၊ အကူအညီ၊ အထောက်အပံ့နှင့် သင့်တင့်သော အရင်းအနှီးများကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများလက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

(b) coordinate granting and paying back the annual, short term and long term loans by and to the bank recognized by the government, or the company, association or organization recognized by the government in accordance with the regulations to carry out loan business as a special matter for the benefits of farmers."

14. The expressions "seeds" and "shortcoming and inconsistent with the guaranteed standard" contained in section 18 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted by the expressions "seedlings, seeds, breeds and offspring", and "shortcoming of or inconsistent with the guaranteed standard."

15. In section 20 of the Protection of Farmer's Rights and Enhancement of their Benefits Law;

(a) sub-section (a) shall be substituted as follows:

"(a) encouraging private sector to develop research on and production of qualified seedlings, seeds, breeds and offspring;"

(b) sub-sections (e) and (f) shall be substituted as follows:

"(e) coordination with the relevant financial institutions to ensure that farmers can purchase machinery and equipment for agriculture and livestock breeding in installment that are needed for them;

( ခ ) အစိုးရက သတ်မှတ်ခွင့်ပြုသည့် ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်။"

၁၄။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသည့် "ဦးဆောင်အဖွဲ့သည် မျိုးစေ့၊" ဆိုသည့် စကားရပ်ကို "ဦးဆောင်အဖွဲ့သည် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ၊" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု၊" ဆိုသည့် စကားရပ်ကို "အာမခံစံချိန်စံညွှန်းချို့ယွင်းမှု သို့မဟုတ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၅။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဂ္ဂလိကကဏ္ဍမှ အရည်အသွေးမီသည့် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက် သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊"

( ခ ) ပုဒ်မခွဲ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( င ) တောင်သူလယ်သမားများ လိုအပ်သော လယ်ယာလုပ်ငန်းသုံးနှင့် မွေးမြူရေးလုပ်ငန်းသုံး စက်ကိရိယာနှင့်ပစ္စည်းများကို အရစ်ကျဝယ်ယူ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(f) ensuring that the production, import, preparation, package and sale of seedlings, seeds, fertilizers and pesticides come with a guarantee that they meet with the standards and are safe for use, and farmers are aware of the defects of seedlings, seeds, fertilizers and pesticides that have no guarantee, in time."

(c) After sub–section (f), sub–section (g) shall be inserted as follows:

"(g) coordinating the production, import, preparation, package and sale of breeds, offspring, animal food and veterinary drugs to come with a guarantee that they meet with the standards and are safe for use, and purchase of them at a reasonable price easily."

16. Section 23 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"23. The Leading Body shall submit categories of agricultural produce to be purchased and plans for purchase under section 22, to the Government, after analyzing them."

( စ ) ပျိုးပင်၊ မျိုးစေ့၊ မြေသြဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိစေရေးနှင့် အာမခံချက်မပါသော ပျိုးပင်၊ မျိုးစေ့၊ မြေသြဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်း အားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။"

( ဂ ) ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) မျိုး၊ သားပေါက်မွေးမြူရေးအစာနှင့် ဆေးဝါးများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိရေးနှင့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း။"

၁၆။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂အရ ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။"

17. Section 25 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"25. the accounts of profit and loss resulted from trading shall be audited by the audit team comprising experts from the Office of the Auditor– General of the Union assigned by the Leading Body."

18. Section 27 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"27. Where any person is entrusted with a loan, assistance and support that are granted to farmers under this Law or right to manage them by any means, action will be taken against him under the law if he uses or manages that loan, assistance and support dishonestly."

19. After section 27 of the Protection of Farmer's Rights and Enhancement of their Benefits Law, section 27–A shall be inserted as follows:

"27–A. The relevant Working Bodies shall submit the operational report to the Leading Body and the Leading Body shall submit it to the Government in accordance with stipulations under this Law."

၁၇။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေပုဒ်မ၂၅ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ် စာရင်း ဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကျွမ်းကျင်သူများ ပါဝင်သည့် စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။"

၁၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၇။ မည်သူမဆို တောင်သူလယ်သမားများအား ဤဥပဒေအရ ထုတ်ချေးသော ချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်း ခံရသည်တွင် အဆိုပါထုတ်ချေးသော ချေးငွေပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့် ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို မရိုးမဖြောင့်သော သဘောဖြင့် သုံးစွဲခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ထိုသူသည် ဥပဒေအရ အရေးယူခြင်း ခံရမည်။"

၁၉။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၇ ၏နောက်တွင် ပုဒ်မ၂၇ – က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်–

"၂၇–က။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် ဦးဆောင်အဖွဲ့သို့လည်းကောင်း၊ ဦးဆောင်အဖွဲ့သည် အစိုးရအဖွဲ့သို့လည်းကောင်း သတ်မှတ်ချက်နှင့် အညီ ပြုစုတင်ပြရမည်။"

20. Sub-section (a) of section 29 of the Protection of Farmer's Rights and Enhancement of their Benefits Law shall be substituted as follows:

"(a) The Ministry of Agriculture, Livestock and Irrigation may, with the approval of the Government, issues rules, regulations and by-laws in coordination with the Leading Body."

---

I hereby sign under the Constitution of the Republic of the Union of Myanmar.

(Sd.) Win Myint

President

The Republic of the Union of Myanmar

၂၀။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(က) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ဦးဆောင် အဖွဲ့နှင့် ညှိနှိုင်းရေးဆွဲပြီး အစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

# (၂၀၁၅ ခုနှစ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# အမိန့်ကြော်ငြာစာအမှတ် ၁၁ / ၂၀၁၅
# ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
# ( ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် )

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤနည်းဥပဒေများကို **တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

---

မူလနည်းဥပဒေ (၁)တွင် စကားရပ်များ ပြင်ဆင်ဖြည့်စွက်သည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် –

(က) ဥပဒေဆိုသည်မှာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဆိုသည်။

(ခ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဆိုသည်မှာ တောင်သူလယ်သမားက ထုတ်လုပ်သည့် လယ်ယာ ထုတ်ကုန်ကိုလိုအပ်လျှင် ဝယ်ယူမည့်အစီအစဉ်အတွက်၊ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ကြီးကြပ် ပေါင်းစပ် ညှိနှိုင်း၊ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသည့် အဖွဲ့ကိုဆိုသည်။

(ဂ) လယ်ယာလုပ်သား ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်း နှစ်ရပ်လုံးကို ကိုယ်တိုင်လုပ်ကိုင်သူနှင့် ယင်းလုပ်ငန်း များတွင် မိမိလုပ်အားကို အရင်းပြု၍ အခကြေးငွေ ရယူပြီး လုပ်ကိုင်သူကိုဆိုသည်။

(ဃ)* xxxxxxxxxxxxxx

(ဃ) တိရစ္ဆာန်ထွက်ပစ္စည်း ဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော နို့၊ ဥ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ရပ်ရပ်နှင့် ငါးလုပ်ငန်းဆိုင်ရာဥပဒေများတွင် ငါးဟူ၍အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပါဝင်သော ပစ္စည်းများကိုဆိုသည်။

## အခန်း(၂)
## လုပ်ကွက်ငယ်သတ်မှတ်ခြင်း

၃။ လုပ်ကွက်ငယ်အဖြစ် –

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ပြီး လုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိထားသည့် လယ်ယာမြေ ၁၀ ဧကနှင့်အောက် စိုက်ပျိုးလုပ်ကိုင်သော ဧရိယာကို သတ်မှတ်သည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင် အောက်ပါ အရေအတွက်၊ ပမာဏ သို့မဟုတ် ဧရိယာဖြင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို သတ်မှတ်သည် –

(၁) ကျွဲ၊ နွား၊ မြင်း၊ မြည်း နှင့် လား ကောင်ရေ ၅ ကောင်နှင့်အောက်၊

---

*မူလနည်းဥပဒေ (၂)၊ နည်းဥပဒေခွဲ(ဃ)အား ပယ်ဖျက်ပြီး၊ မူလနည်းဥပဒေခွဲ (င)အား (ဃ)အဖြစ် ပြင်ဆင် သတ်မှတ်သည်။

(၂) သိုး နှင့် ဆိတ် ကောင်ရေ ၅၀ နှင့် အောက်၊
(၃) ဝက် ၂၅ ကောင်နှင့်အောက်၊
(၄) ဥစားကြက်ကောင်ရေ ၅၀၀နှင့်အောက်၊
(၅) အသားစားကြက်ကောင်ရေ ၁၀၀၀နှင့်အောက်၊
(၆) တိုင်းရင်းကြက်ကောင်ရေ ၁၀၀နှင့်အောက်၊
(၇) ဘဲကောင်ရေ ၃၀၀ နှင့် အောက်၊
(၈) ဘဲငန်း၊ ကြက်ဆင်၊ မန်ဒါလီနှင့်ရစ် ကောင်ရေ ၂၀ နှင့်အောက်၊
(၉) ငုံးကောင်ရေ ၃၀၀၀ နှင့်အောက်၊
(၁၀) ယုန်ကောင်ရေ ၁၀၀ နှင့်အောက်၊
(၁၁) ပျားရှိသော ပျားအိမ် ၁၀၀ နှင့်အောက်၊
(၁၂) ငါးမွေးမြူရေး ရေပြင်ဧရိယာ ၁၀ ဧကနှင့် အောက်။

## အခန်း(၃)
## လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ဦးဆောင်အဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့အတွက် တောင်သူလယ်သမား

အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် ဦးဆောင်အဖွဲ့က ဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း တို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုအပ်သလို ဆောင်ရွက်ရမည် -

(က) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အမှန်တကယ်လုပ်ကိုင်သော တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်နိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဆက်သွယ် ချိတ်ဆက်၍ ကူညီဆောင်ရွက်ခြင်း၊

(ခ) တောင်သူလယ်သမားများ နှစ်သက်ရာ သီးနှံစိုက်ပျိုးနိုင်သည့် အခွင့်အရေး အပြည့်အဝ ရရှိရေးအတွက် တည်ဆဲဥပဒေများ နှင့်အညီ လွတ်လပ်စွာ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

---

မူလနည်းဥပဒေ (၆)၊ နည်းဥပဒေခွဲ(ခ)ကို ပြင်ဆင်အစားထိုးသည်။

(ဂ) စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးအစားအစာနှင့် ဆေးဝါးတို့ကို တောင်သူ လယ်သမားများ မှန်ကန်စွာ ဝယ်ယူ သုံးစွဲနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ တောင်သူလယ်သမား အသင်းအဖွဲ့၊ သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း ညှိနှိုင်း ကူညီဆောင်ရွက် ခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ပြီး ရေရှည် တည်တံ့ ခိုင်မြဲစေရေးအတွက် တောင်သူလယ်သမားများအား စုစည်း၍ တည်ဆဲဥပဒေ များနှင့်အညီ အသင်း၊ အစည်းအရုံးများ၊ အစုအဖွဲ့များနှင့် လယ်ယာကုန်ထုတ် သမဝါယမအသင်းများ ဖွဲ့စည်း တည်ထောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

( င ) လယ်ယာမြေဥပဒေနှင့် လယ်ယာမြေ နည်းဥပဒေများ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေကို ရောင်းချ ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်ရေး

---

မူလနည်းဥပဒေ (၆)၊ နည်းဥပဒေခွဲ(ဂ)ကို ပြင်ဆင်အစားထိုးသည်။

အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

( စ) လယ်ယာမြေကို ဥပဒေနှင့်အညီ ပေါင်နှံခြင်းနှင့် စပ်လျဉ်း၍ လုပ်ကွက်ငယ် လုပ်ကိုင်သော တောင်သူ လယ်သမားများအား ဦးစားပေးအဆင့် သတ်မှတ်နိုင်ရေးနှင့် မှန်ကန်သော အခွင့်အရေးများ ရရှိနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊

(ဆ) လယ်ယာမြေကို ထိန်းသိမ်း စောင့်ရှောက်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တောင်သူ လယ်သမားအား အသိပညာ ပေးနိုင်ရန် သက်ဆိုင်ရာ နည်းပညာပေးအဖွဲ့နှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ခြင်း၊

( ဇ) တောင်သူ လယ်သမားများ၏ လုပ်ကွက်ငယ်များ လက်လွတ် ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုများတွင် ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ အား အကြံပြုခြင်း၊ ဆွေးနွေးပညာပေးခြင်း၊ အကူ အညီပေးခြင်းနှင့် အကာအကွယ်ပေးခြင်း၊

( ဈ) လယ်ယာမြေပေါ်တွင် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေး ကန်များ အဖြစ် တည်ရှိနေသော လုပ်ငန်းများကို

---

မူလနည်းဥပဒေ(၆)၊ နည်းဥပဒေခွဲ(ဇ)ကို စကားရပ် ပြင်ဆင်ဖြည့်စွက်သည်။

တည်ဆဲဥပဒေများနှင့်အညီ တရားဝင် လုပ်ကိုင်ခွင့် ရရှိစေရန် ကူညီဆောင်ရွက်ခြင်း၊

(ည) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ အကျိုးမဖြစ်ထွန်းသော လယ်ယာမြေတွင် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေး ကန်များ လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ လယ်ယာမြေစီမံ ခန့်ခွဲမှု အဖွဲ့များနှင့် ဆက်သွယ်ချိတ်ဆက်၍ ကူညီဆောင်ရွက် ခြင်း၊

( ဋ) ငါးဖမ်းအင်း အပါအဝင် ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ပြင်ပ ပုဂ္ဂိုလ်များအကြား ဖြစ်ပွားသည့် နယ်နိမိတ် အငြင်းပွားမှုများအား ဖြေရှင်းရန်အတွက် အင်းနယ် နိမိတ်များ သတ်မှတ်ရန် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

( ဌ) ငါးဖမ်းဆီးမှု နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ရပြီးသော ရေလုပ်သားများနှင့် ပြင်ပပုဂ္ဂိုလ်များအကြား ပြဿနာ မဖြစ်စေရန် ဥပဒေနှင့် လုပ်ပိုင်ခွင့်များကို ရေလုပ်သား များနှင့် အခြားသူများအား တည်ဆဲဥပဒေများနှင့်အညီ ရှင်းလင်းစွာ သိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဍ) စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် ရေအရင်းအမြစ်များကို မျှတစွာ သုံးစွဲနိုင်ရေးအတွက် ကာလ၊ ဒေသ၊ လုပ်ငန်းအလိုက် အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ချမှတ်ပေးခြင်း၊

( ဎ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်တွင်းတွင် လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းဝယ်ခွင့် ရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဏ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်ပသို့ တည်ဆဲဥပဒေများနှင့်အညီ သယ်ယူခွင့်နှင့် ရောင်းဝယ်ခွင့် ရရှိစေရန် ဆောင်ရွက်ခြင်း၊

(တ) လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ ခိုင်းနွားများကို ပြည်ပသို့ တရားမဝင် မရောက်ရှိစေရေးအတွက် ထိရောက်စွာ ထိန်းသိမ်း ကြပ်မတ်ခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသစားရေရိက္ခာ အထောက်အကူ ဖြစ်စေရေးအတွက် ငါးမွေးမြူရေး ဖြစ်ထွန်းနိုင်သည့် ရေပြင်များတွင် လှောင်အိမ်သို့မဟုတ် ခြံစနစ်ဖြင့် သင့်လျော်သည့် ငါးအမျိုးအစားများ မွေးမြူနိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဌာနများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

---

မူလနည်းဥပဒေ(ဖ)၊ နည်းဥပဒေခွဲ(ထ)ကို စကားရပ်များ ပြင်ဆင်ဖြည့်စွက်သည်။

(ဒ) ရေဝပ်ဒေသများ၊ ရေစီးရေလာထိပ်ဒေသများ၊ ကန်ကြီးများ၊ ဆည်ကြီးများနှင့် ရေထွက်များတွင်ရှိသော ရေသတ္တဝါ၊ အပင်များ၊ ပတ်ဝန်းကျင်နှင့် ယင်းရေကိုသုံးစွဲသူများအား ဘေးအန္တရာယ် ကင်းရှင်းစေနိုင်ရေးအတွက် ဓာတုပစ္စည်းများနှင့် နည်းစဉ်များ အသုံးပြုမှုကို ကြီးကြပ်ပေးရန်၊ စည်းကမ်းချက်များ ချမှတ်ပေးရန်၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား အသိပညာပေးခြင်း၊

(ဓ) ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ပြည်ပဈေးကွက်သို့တင်ပို့ ရောင်းချနိုင်ရေးအတွက် စီးပွားဖြစ် မွေးမြူရေးခြံကြီးများ ထူထောင်နိုင်ရေး ကူညီဆောင်ရွက်ခြင်း၊

## အခန်း(၄)
## သုတေသနလုပ်ငန်းများ

၇။ ဦးဆောင်အဖွဲ့သည် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့ အစည်းများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါကိစ္စရပ်များဆိုင်ရာ သုတေသနလုပ်ငန်းများကို လိုအပ်သလို အားပေးကူညီ ဆောင်ရွက်ရမည် –

(က) သီးနှံ မျိုးမွေးမြူရေး၊

( ခ) သီးနှံ ပိုးမွှား၊ ရောဂါနှင့် ပေါင်းမြက်များ၊

( ဂ) သီးနှံစိုက်ပျိုးနည်း စနစ်နှင့် ဒေသနှင့် ကိုက်ညီသော သီးနှံပုံစံ ရွေးချယ်ရေး၊

(ဃ) ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ ဆားငန်ရေ ဝင်ရောက်မှု၊ ကုန်းတွင်းပိုင်း ဆားပေါက်မှုတို့နှင့် လိုက်လျောညီထွေရှိမည့် မျိုးနှင့် စိုက်နည်းစနစ်၊

( င) သီးနှံဆိုင်ရာဇီဝနည်းပညာ၊

( စ) ရိတ်သိမ်းချိန်လွန်နည်းပညာ၊

(ဆ) အပင်ဗီဇအရင်းအမြစ်များထိန်းသိမ်းရေး၊

( ဇ) မြေဆီလွှာထိန်းသိမ်းခြင်းနှင့် မြေအသုံးချရေး၊

( ဈ) မြေဩဇာစနစ်တကျသုံးစွဲရေး၊

(ည) ရေစီမံခန့်ခွဲရေး၊

( ဋ) စိုက်ပျိုးစီးပွားရေး၊

( ဌ) လယ်ယာသုံးစက်ကိရိယာဖွံ့ဖြိုးရေး၊

( ဍ) သားငါးရောဂါ ကာကွယ်ရေးနှင့် ကုသရေး၊

( ဎ) သားငါးမျိုးပွားရေးနှင့် သားငါးမျိုးမြှင့်တင်ရေး၊

(ဏ) သားငါးစံပြခြံ၊ မွေးမြူရေးကန်များနှင့် ငါးသား ပေါက် စခန်းများ၊

(တ) မွေးမြူရေး အစားအစာနှင့် ဆေးဝါး၊

(ထ) တိရစ္ဆာန်ရောဂါရှာဖွေရေး၊

(ဒ) တိရစ္ဆာန်မွေးမြူရေးနှင့်ဆက်စပ်သော အခြားလုပ်ငန်းများ။

၈။ ဦးဆောင်အဖွဲ့သည် –

(က) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂလိကနှင့် သမဝါယမ အသင်းအဖွဲ့များကို အောက်ပါ သတ်မှတ်ချက်များနှင့်အညီ အားပေးကူညီဆောင်ရွက်ရမည် –

(၁) သဘာဝပတ်ဝန်းကျင်၊ လူနှင့် တိရစ္ဆာန်တို့ကို ထိခိုက် နစ်နာမှုမရှိခြင်း၊

(၂) နောက်ဆက်တွဲဆိုးကျိုးများမရှိခြင်း။

(ခ) သုတေသန တွေ့ရှိချက်များနှင့် နည်းပညာများကို တည်ဆဲဥပဒေ နှင့်အညီ ထုတ်ပြန်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းပြုနိုင်ရန် ကူညီဆောင်ရွက်ရမည်။

၉။ ဦးဆောင်အဖွဲ့သည် ပုဂ္ဂလိက၊ သမဝါယမများ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာသုတေသနလုပ်ငန်းနှင့် မျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုအပ်သလို အားပေးကူညီဆောင်ရွက်ရမည် -

(က) အရည်အသွေးမီသည့် မျိုးစေ့သုတေသန လုပ်ငန်းများနှင့် မျိုးစေ့ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊

(ခ) ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများနှင့် လယ်ယာထုတ်ကုန် တန်ဖိုးမြှင့်တင်ရေးဆိုင်ရာ နည်းပညာများ ရရှိရန် ပြည်တွင်းပြည်ပ အဖွဲ့စည်းများနှင့် ချိတ်ဆက်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) လိုအပ်သော နည်းပညာနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များ၊ သိပ္ပံများအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အခြားပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊

(ဃ) နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့တွင် သုတေသနလုပ်ငန်းများနှင့် ခေတ်ခွဲခန်းများထူထောင်ခြင်း၊ တောင်သူ လယ်သမားများ အား ခေတ်မီနည်းပညာများ ဖြန့်ဝေပေးခြင်း။

## အခန်း(၅)
## စိုက်ပျိုးရေ ရရှိရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း

၁၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှုနှင့် ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်း မျှတစွာတစ်ပြိုင်တည်း ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဒေသအလိုက် တည်ဆောက်ထား ပြီးဖြစ်သည့် ဆည်၊ ကန်၊ ရေလှောင်တမံများ၊ ချောင်း များ၊ မြောင်းများ၊ ရေထိန်းတံခါးများ၊ ရေသွင်းရေထုတ် မြောင်းများ၊ တာတမံများအပါအဝင် ဆည်မြောင်း တာတမံလုပ်ငန်းများနှင့် မြစ်ရေတင် လုပ်ငန်းများ ရေရှည်ကြံ့ခိုင်မှု ရှိစေရန် ပြုပြင် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေ အပြည့်အဝ ပေးဝေနိုင်ရေးတို့ကို ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ဆဲ ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေထိန်း တံခါးများ၊ ရေသွင်းရေထုတ် မြောင်းများ၊ တာတမံ များအပါအဝင် ဆည်မြောင်း တာတမံလုပ်ငန်းများနှင့် မြစ်ရေတင် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရန်နှင့် မူလလျာထားသည့် ရေသောက်ဧရိယာ

---

မူလနည်းဥပဒေ(၁၀)၊ နည်းဥပဒေခွဲ(က)နှင့် (ခ) တွင် စကားရပ်များထပ်မံဖြည့်စွက်သည်။

တွင် စိုက်ပျိုးရေ အပြည့်အဝ ရရှိနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်၏ စီမံကိန်းအရ ဆည်ရေများကို စိုက်ပျိုးမြေများသို့ စိုက်ပျိုးရေအဖြစ်ရောက်ရှိရန် ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် ဒေသများကို စုစည်း စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဒေသအတွင်း စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်ငယ်၊ ချောင်းငယ်၊ ကန်ငယ်များ ရေသွင်းမြောင်းများ၊ စိမ့်စမ်းရေသွယ်လုပ်ငန်းများ အပါအဝင် ဒေသန္တရ ရေရရှိရေး လုပ်ငန်းများကို အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ခြင်း၊

(စ) တောင်သူ လယ်သမားများ လယ်ယာသုံး စက်ကိရိယာများ အပြည့်အဝ အသုံးချနိုင်ရန် ထုတ်လုပ်မှုစွမ်းအား

---

မူလနည်းဥပဒေ(၁၀)၊ နည်းဥပဒေခွဲ(ဂ)၏နောက်၌ နည်းဥပဒေခွဲ (ဃ)၊(င) နှင့်(စ)တို့ကို အသစ်ဖြည့် စွက်သည်။

အပေါ် ဦးစားပေး အစီအစဉ်အရ စိုက်ပျိုးရေး ကုန်ထုတ်လမ်းများ ဖော်ထုတ် ဆက်သွယ်နိုင်ရေး အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာ စနစ်သို့ ထိရောက်အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် အောက်ပါ လုပ်ငန်းများ ဆောင်ရွက်စေရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အား တာဝန်ပေးနိုင်သည် -

(က) တောင်သူလယ်သမားများအား ထိရောက်စွာ စည်းရုံး ပညာပေးခြင်း၊

(ခ) စက်မှုလယ်ယာစနစ်သို့ ထိရောက်စွာ ပြောင်းလဲနိုင်ရေး အတွက် ဦးစားပေးနေရာများကို ရွေးချယ် အကောင် အထည်ဖော်ခြင်း၊

(ဂ) နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းနှင့် ကုန်ကြမ်း အစရှိသည်တို့ကို ထိရောက်စွာ အသုံးပြုနိုင်ရန် ကူညီ ဆောင်ရွက်ခြင်း။

၁၂။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့်ညှိနှိုင်း ၍ အောက်ပါလုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက်နိုင်သည် -

(က) လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ မောင်း နှင် အသုံးပြုနိုင်ရေး၊ ကိုယ်တိုင် ပြင်ဆင် အသုံးပြုနိုင်ရေး

အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာ သုတေသန တွေ့ရှိချက်နှင့် နည်းပညာများ ဖြန့်ဖြူးခြင်း၊

( ခ) အရည်အသွေး ကောင်းမွန်သော လယ်ယာသုံး စက်ကိရိယာများနှင့် အပိုပစ္စည်းများကို သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် လက်ငင်း ငွေချေစနစ် သို့မဟုတ် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ခြင်း၊

၁၃။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အောက်ပါလုပ်ငန်းများကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်နိုင်သည် –

(က) တောင်သူ လယ်သမားများက မိမိတို့၏ ဆန္ဒအရ လယ်ယာမြေများကို စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဖော်ထုတ်ရန် ငွေကြေးအရင်း အနှီးရရှိရေးအတွက် တင်ပြလာပါက စိစစ်၍ သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်သည့် စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ပြန့်စွာ ပေါ်ထွန်းလာရေးအတွက် အားပေးကူညီ ဆောင်ရွက်ခြင်း။

၁၄။ ဦးဆောင်အဖွဲ့သည် သမဝါယမအခန်းကဏ္ဍ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်း၊ ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း၊ ပြည်ပနှင့် ချိတ်ဆက်လာပါက လိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း လိုအပ်သလိုကူညီ ဆောင်ရွက်ရမည်။

## အခန်း(၆)
## သွင်းအားစုများအတွက် ဖြည့်ဆည်းဆောင်ရွက်ခြင်း

၁၅။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန်၊ မျိုးကောင်း မျိုးသန့် မျိုးသစ်များ ရရှိစေရန်နှင့် သုတေသနလုပ်ငန်းများအတွက် လိုအပ်သောနည်းပညာနှင့် အထောက်အပံ့အကူအညီများရရှိစေရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကူညီဆောင်ရွက်ရမည်။

၁၆။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် –

(က) ဒေသရေမြေသဘာဝနှင့် ကိုက်ညီသော မျိုးများနှင့် နည်းပညာများကို တောင်သူ လယ်သမားများအား

ဖြန့်ဖြူးပေးနိုင်ရန် မျိုးစေ့ထုတ်စိုက်ကွင်းများ၊ မျိုးသန့်ဖုံများ၊ တောင်သူပညာပေးစိုက်ကွင်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးအတွက် လိုအပ်သလို အားပေးကူညီ ဆောင်ရွက်ရမည်။

( ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့သို့ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့သို့ ဖြစ်စေ အချိန်မီတင်ပြဆောင်ရွက်ရမည်။

၁၇။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် နယ်မြေ ဒေသအလိုက် ရောင်းဝယ်နေကြသော မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ မျိုးသားပေါက်၊ မွေးမြူရေး အစားအစာနှင့် ဆေးဝါးများနှင့် စပ်လျဉ်း၍ အတုအပမရှိရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် မှန်ကန်စွာ ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များက ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်း ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

၁၈။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများ ဝယ်ယူသုံးစွဲသော မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ မျိုးသားပေါက်၊ မွေးမြူရေးအစားအစာ၊ ဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းများ၏ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု မရှိခြင်းကြောင့်

လယ်ယာထုတ်ကုန်များ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက သက်ဆိုင်သူများအား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေးနှင့် လျော်ကြေးရရှိရေးတို့ကို လိုအပ်ပါက ကူညီပေးနိုင်သည်။

၁၉။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများ ဝယ်ယူသုံးစွဲသော မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့၊ မျိုးသားပေါက်၊ မွေးမြူရေးအစားအစာ၊ ဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းများကို အတုအပ ပြုလုပ်ခြင်းကြောင့် လယ်ယာထုတ်ကုန်များ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက သက်ဆိုင်သူများအား တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေးနှင့် လျော်ကြေးရရှိရေးတို့ကို လိုအပ်ပါက ကူညီပေးနိုင်သည်။

၂၀။ ဦးဆောင်အဖွဲ့သည် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြား သက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူများထံသို့ အလျင်အမြန် ရောက်ရှိရေးအတွက် မီဒီယာ နည်းလမ်းများဖြင့် သက်ဆိုင်ရာဌာနများမှ အချိန်မီရှိုးဆော် ထုတ်ပြန်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၇)
## ချေးငွေများထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း

၂၁။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် လုပ်ကွက်ငယ် လုပ်ကိုင်သော တောင်သူလယ်သမားများအား ဦးစားပေး၍ တည်ဆဲဥပဒေ လုပ်ထုံး

လုပ်နည်းများနှင့်အညီ နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည် ပေးဆပ်စေခြင်းတို့နှင့်စပ်လျဉ်းပြီး အောက်ပါ ကိစ္စရပ်များကိုဆောင်ရွက်ရာတွင် ကြီးကြပ်ကူညီရမည် –

(က) တောင်သူ လယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ဒေသအလိုက်၊ ရာသီ အလိုက် ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို အချိန်မီ အချိန်ကိုက် ထုတ်ချေးပေး နိုင်ရေးအတွက် ဘဏ္ဍာ ငွေကြေးလိုအပ်ချက်ကို တွက်ချက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စု နယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့တို့မှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံ ပြီး အချိန်မီ ထုတ်ချေးပေးခြင်း၊

(ခ) အစိုးရအသိအမှတ်ပြု ဘဏ် သို့မဟုတ် တောင်သူ လယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်းစည်းကမ်း များနှင့်အညီ အစိုးရက သတ်မှတ် ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများမှ နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည် ပေးဆပ်ခြင်း တို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

---

မူလနည်းဥပဒေ(၂၁)၊ နည်းဥပဒေခွဲ (ခ) တွင် စကားရပ်များထပ်မံဖြည့်စွက်သည်။

(ဂ) ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဦးဆောင်အဖွဲ့က သတ်မှတ်သည့် လုပ်ငန်းအမျိုးအစား အလိုက် ချေးငွေနှုန်းထား၊ ချေးငွေပမာဏ၊ အတိုးနှုန်း၊ ပြန်လည် ပေးဆပ်ရမည့်ကာလ၊ စည်းကမ်းချက်၊ ချေးယူရမည့်စနစ်နှင့် ချေးယူရမည့် နည်းလမ်း တို့ကို တောင်သူလယ်သမားများ သိရှိနားလည် လိုက်နာကြ စေရန် ရှင်းလင်း အသိပေးခြင်း၊

(ဃ) ထုတ်ချေးသော ချေးငွေများကို သက်ဆိုင်ရာ တောင်သူ လယ်သမားများထံ စိုက်ပျိုးရာသီ အချိန်မီနှင့် မွေးမြူ ရေးလုပ်ငန်း လုပ်ကိုင်ရန် အချိန်မီ သတ်မှတ်ကာလ အတွင်း အပြည့်အဝရရှိစေခြင်း၊

(င) ချေးငွေကို လယ်ယာထုတ်ကုန်များ ထွက်ရှိရောင်းချနိုင် သည့် သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် သတ်မှတ်သည့် ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်စေခြင်း၊

---

မူလနည်းဥပဒေ (၂၁)၊နည်းဥပဒေခွဲ (ဃ)နှင့် (င) တွင် စကားရပ်များထပ်မံဖြည့်စွက်သည်။

၂၂။ ဦးဆောင်အဖွဲ့သည် ချေးငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုအပ်သလို ညှိနှိုင်း ကူညီဆောင်ရွက်ရမည် -

(က) တောင်သူ လယ်သမားများ လယ်ယာထုတ်ကုန် အရင်းအနှီး လိုအပ်ချက်ကို ထိရောက်အကျိုးရှိစွာ အထောက်အပံ့ရရှိနိုင်ရန် သတ်မှတ်ထားသည့် ချေးငွေ နှုန်းထားများအရ ချေးငွေပမာဏကို သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိနိုင်ရေးအတွက် တည်ဆဲ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ နှင့်အညီ ပြည်ထောင်စု အစိုးရအဖွဲ့မှ တစ်ဆင့် အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စု လွှတ်တော်သို့ တင်ပြခြင်း၊

(ခ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေး အရင်းအနှီး လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရေး အတွက် ချေးငွေများ ထုတ်ချေး ရာ၌ ချေးငွေနှုန်းထားကို သီးနှံအလိုက် စိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျစရိတ် သို့မဟုတ် မွေးမြူရေး လုပ်ငန်း အမျိုးအစားအလိုက် လုပ်ကွက်ငယ်ကို ဦးစား ပေး၍ သင့်လျော်သည့် နှုန်းထား သတ်မှတ်ထုတ်ချေး နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

---

မူလနည်းဥပဒေ(၂၂)၊ နည်းဥပဒေခွဲ (က)ကို စကားရပ်များထပ်မံဖြည့်စွက်ပြီး၊ နည်းဥပဒေခွဲ (ခ) အား အသစ်ထပ်မံဖြည့်စွက်သည်။

(ဂ) တောင်သူ လယ်သမားများ၏ လုပ်ငန်းအတွက် အရင်းအနှီး လိုအပ်ချိန်တွင် အချိန်မီထုတ်ချေးနိုင်ရေး အတွက် သက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ် ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ငွေထုတ်ချေးမည့် ကာလကို သတ်မှတ်စီစဉ် ဆောင်ရွက်ခြင်း၊

(ဃ) ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလ သတ်မှတ် ရာတွင် တောင်သူ လယ်သမားများ အဆင်ပြေစွာ ပေးဆပ်နိုင်ရေးအတွက် သီးနှံ ရိတ်သိမ်း ထွက်ရှိသည့် ကာလ၊ မွေးမြူရေးထုတ်ကုန် ပစ္စည်းထွက်ရှိသည့် ကာလနှင့် ကိုက်ညီအောင် စီစဉ်ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ဘေးရောဂါ ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက် ပျက်စီးဆုံးရှုံးခြင်း ကြုံတွေ့ရသည့် လုပ်ကွက်ငယ် တောင်သူလယ်သမားများ ချေးငွေပြန်ဆပ်ရမည့် ကာလ ကို ရွှေ့ဆိုင်းပေးနိုင်ရန် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့၏ စိစစ်အတည်ပြုချက်ဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

---

မူလနည်းဥပဒေ(၂၂)၊ နည်းဥပဒေခွဲ (ဂ)နှင့် (ဃ)အား အသစ်ထပ်မံဖြည့်စွက်ပြီး၊ ယခင်နည်းဥပဒေခွဲ (ခ) အား နည်းဥပဒေခွဲ(င)အဖြစ် အမှတ်စဉ်ပြင်ဆင်သည်။

၂၃။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် တောင်သူ လယ်သမားများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများ ရယူခြင်း နှင့် ပြန်လည်ပေးဆပ်စေခြင်းတို့ကို ဆောင်ရွက်ရာတွင် တောင်သူလယ်သမား တစ်ဦးချင်းကို အာမခံသူ နှစ်ဦးစီဖြင့် ချေးငွေ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခြင်းနှင့် ပြန်လည် ပေးဆပ်ခြင်း ပြုနိုင်ရေးအတွက် ကူညီဆောင်ရွက်ရမည်။

## အခန်း (၈)
## သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများအတွက် အကူအညီပေးခြင်း

၂၄။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် -

(က) သဘာဝ ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေ ဝင်ရောက်ခြင်းကြောင့်သော်လည်းကောင်း၊ ပိုးမွှားရောဂါ ကျရောက်မှုနှင့် အခြားသော အကြောင်း ကြောင့်သော်လည်းကောင်း တောင်သူလယ်သမားများ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ် ယာကုန်ထုတ် အရင်းအနှီးများ ပျက်စီးဆုံးရှုံးပါက သို့မဟုတ် ဖျက်ဆီးရန်လိုအပ်ပါက ယင်းတောင်သူ လယ်သမားများ၏ အမှန်တကယ် ပျက်စီးဆုံးရှုံးရမှု ပမာဏကို စိစစ်တွက်ချက်၍ သက်ဆိုင်ရာတိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စု နယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့သို့ အထောက်အထား

---

မူလနည်းဥပဒေ(၂၃)အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်သည်။

ခိုင်မာစွာဖြင့်တင်ပြပြီး လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီမံ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် လုပ်ကွက်ငယ် တောင်သူ လယ်သမားများအတွက် ယင်းတို့၏ ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ သက်သာမှုရစေရန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သည့် ပမာဏတစ်ရပ်ကို ကျခံထုတ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဦးဆောင်အဖွဲ့က ထောက်ခံ တင်ပြနိုင်ရေး စိစစ်တွက်ချက်တင်ပြရန်နှင့် ဦးဆောင်အဖွဲ့က ခွင့်ပြုသည့်အတိုင်း အမှန်တကယ် ပျက်စီး ဆုံးရှုံးသည့် လုပ်ကွက်ငယ် တောင်သူ လယ်သမားများအား စနစ်တကျ ထောက်ပံ့ပေးရမည်။

၂၅။ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် -

(က) သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေး ရောဂါတစ်ခုခု ကျရောက်ခြင်းကြောင့် အများပြည်သူ ကျန်းမာရေးအလို့ငှာ ဖျက်ဆီး သုတ်သင်ရန် လိုအပ်ပါက သက်ဆိုင်ရာ ဦးစီးဌာန၏ ရောဂါ အတည်ပြုချက်ရယူ၍ မြို့နယ်အဆင့် အုပ်ချုပ်ရေး အဖွဲ့အစည်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖျက်ဆီး

ဆောင်ရွက်စေပြီး ဦးဆောင်အဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

( ခ) နည်းဥပဒေခွဲ(က)အရ ဖျက်ဆီး သုတ်သင်ခြင်းကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှု ပမာဏကို သေချာစွာ စိစစ်တွက်ချက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့မှ တစ်ဆင့် ဦးဆောင်အဖွဲ့သို့ အထောက်အထားခိုင်မာစွာဖြင့် တင်ပြပြီး ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရသော မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူ လယ်သမားများအား လိုအပ်သော အကူအညီနှင့် ထိုက်သင့်သော အထောက်ပံ့များ ရရှိစေရန် လိုအပ်သလို စီစဉ် ဆောင်ရွက်ရမည်။

## အခန်း (၉)
## လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း

၂၆။ ဦးဆောင်အဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေး

အဖွဲ့အား အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဖွဲ့စည်းနိုင်သည်-

(က) စိုက်ပျိုးထုတ်လုပ်သည့် ဒေသအတွင်း အရောင်းအဝယ် ဖြစ်ပေါ်နေသော လယ်ယာထုတ်ကုန်၏ ဈေးနှုန်းသည် ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်နိမ့်ကျနေခြင်း၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့နှင့် ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့က သက်ဆိုင်ရာ ဒေသအတွင်း လယ်ယာ ထုတ်ကုန်များ ဝယ်ယူရန် လိုအပ်ကြောင်းတင်ပြခြင်း၊

(ဂ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရန် လိုအပ်သည်ဟု ယုံကြည်ဖွယ်ရာ အကြောင်းကိစ္စ တစ်ရပ်ရပ် ပေါ်ပေါက်ခြင်း။

၂၇။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေအတွင်း လယ်ယာထုတ်ကုန်များ သင့်တင့် မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးအတွက် ဝယ်ယူရောင်းချ ခြင်းအပါအဝင် ဆက်စပ်သော လုပ်ငန်းများကို သက်ဆိုင်ရာ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးအတွက် လိုအပ်သလို စီစဉ်ဆောင်ရွက်နိုင်သည်။

၂၈။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ရောင်းချရေးနှင့် စပ်လျဉ်း၍-

(က) ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာ ဈေးကွက်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် သက်ဆိုင်ရာ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းများမှ ရောင်းချ၊ တင်ပို့နိုင်ရန် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ကူညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

(ခ) လက်ကားဈေးများ ထူထောင်နိုင်ရေးအတွက် ဒေသနှင့် လယ်ယာ ထုတ်ကုန်အလိုက် ဦးစားပေး အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီ အားပေး နိုင်သည်။

(ဂ) ဈေးနှုန်း သတင်းအချက်အလက်များကို တောင်သူ လယ်သမားများ လက်လှမ်းမီ ရရှိနိုင်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် အချိန်ကိုက်ထုတ်ပြန်ရန် စီစဉ်ပေးနိုင်သည်။

၂၉။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ သိုလှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့် စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စနစ်တို့ကို တောင်သူလယ်သမားများ အလေ့အကျင့်ရရှိစေနိုင်ရန် သက်ဆိုင်ရာ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်း၊ လုပ်ငန်း

---

မူလနည်းဥပဒေ(၂၈)၊ နည်းဥပဒေ(ခ) အား စကားရပ်များ ပြင်ဆင်သည်။

အဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို ညှိနှိုင်းကူညီ ဆောင်ရွက်ရမည်။

၃၀။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အောက်ပါလုပ်ငန်းများကို အတတ်နိုင်ဆုံး အားပေးကူညီ ဆောင်ရွက်ပေးရမည်-

(က) တောင်သူလယ်သမားများအား လက်လီဈေး၊ လက်ကားဈေးများနှင့် ချိတ်ဆက်ပေးခြင်း၊

(ခ) လယ်ယာထုတ်ကုန်များအာမခံထားရှိရေးစနစ် ပေါ်ထွန်းလာရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လယ်ယာကဏ္ဍ စီးပွားရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သမဝါယမအသင်းများ၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ မူလစိုက်ပျိုးမွေးမြူ ထုတ်လုပ်သည့် တောင်သူလယ်သမား အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၃၁။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် တောင်သူလယ်သမားများအား သမဝါယမအသင်းများ၊ အထူးပြုကုမ္ပဏီများ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် အကျိုးတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ဆောင်ရွက်လာစေရေး လိုအပ်သလို အားပေး ကူညီဆောင်ရွက်ရမည်။

၃၂။ (က) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် လယ်ယာထုတ်ကုန်များကို ဝယ်ယူရန် လိုအပ်လျှင် တင်ဒါစနစ် အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေးအတွက် ဦးဆောင်အဖွဲ့သို့ တင်ပြရမည်။

(ခ) ဦးဆောင်အဖွဲ့သည် နည်းဥပဒေခွဲ(က)အရ ဝယ်ယူမည့် ကောက်ပဲ သီးနှံ အမျိုးအစား၊ ဝယ်ယူမည့် အစီအစဉ်နှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည့် လိုအပ်သော ငွေပမာဏတို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ ခွင့်ပြုချက်ရယူရမည်။

၃၃။ ဦးဆောင်အဖွဲ့သည်-

(က) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်မှုနှင့် ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ် စာရင်းဇယားကို လုပ်ငန်းဆောင်ရွက်ပြီးနောက် သတ်မှတ်ကာလအတွင်း အချက်အလက် ပြည့်စုံစွာဖြင့် တင်ပြစေရန် လိုအပ်သလို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

(ခ) လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ အရောင်းအဝယ် အရှုံးအမြတ် စာရင်းဇယားများကို စစ်ဆေးရန် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ကျွမ်းကျင်သူများ

ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေး စစ်ဆေး ဆောင်ရွက်ရမည်။

(ဂ) စာရင်းစစ်အဖွဲ့မှ တင်ပြသည့် အစီရင်ခံစာအရ အရောင်း အဝယ် အရှုံးအမြတ် စစ်ဆေးတွေ့ရှိချက်အပေါ် လိုအပ်သလို ဆက်လက် ဆောင်ရွက်ရမည်။

## အခန်း(၁၀)
## တန်ဖိုးမြင့်ထုတ်ကုန်များပေါ်ထွန်းလာရေး

၃၄။ ဦးဆောင်အဖွဲ့သည် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ပေးရမည် -

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံပြီး တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်သောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီခြင်း၊

(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများနှင့်သုတေသန ပညာရှင်များကို အားပေးကူညီခြင်း၊

(ဂ) နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိရေး အပါအဝင် ပြည်တွင်းပြည်ပမှ ရရှိနိုင်မည့် အထောက်

အပုံနှင့် ငွေကြေးအကူအညီများကို ဆက်စပ် ကူညီ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြည်တွင်းပြည်ပအဖွဲ့ အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ခြင်း။

## အခန်း(၁၁)

## အထွေထွေ

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနသည် စိုက်ပျိုးမြေ အကျယ်အဝန်းနှင့် မွေးမြူသည့် တိရစ္ဆာန်အရေအတွက်တို့ကို မူတည်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာပေးဝန်ထမ်းများ တိုးချဲ့ခန့်ထားနိုင်ရေး ဆောင်ရွက် ပေးရမည်။

၃၆။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် လယ်ယာထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်သို့ တင်ပို့ရာတွင် စိုက်ပျိုးရေး နည်းစနစ်ကောင်း လက်မှတ်များ ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုအပ်သလို စိစစ် ဆောင်ရွက်ပေးရမည်။

၃၇။ သက်ဆိုင်ရာဝန်ကြီးဌာနသည် မွေးမြူရေးလုပ်ငန်းမှ ထုတ်လုပ် သည့် မွေးမြူရေးထုတ်ကုန်များကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူ ရောင်းချရာတွင် လိုအပ်သည့် တိရစ္ဆာန် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးရေး၊ မွေးမြူရေး ထုတ်ကုန်များ စစ်ဆေးပေးရေးနှင့် ပြည်ပသို့

---

နည်းဥပဒေ (၃၅)ကို အသစ်ထပ်မံဖြည့်စွက်သည်။ မူလနည်းဥပဒေ (၃၅)နှင့် (၃၆)ကို နည်းဥပဒေ (၃၆)နှင့် (၃၇)အဖြစ် အမှတ်စဉ် ပြင်ဆင်သတ်မှတ်ပြီး၊စကားရပ်များ

တရားဝင်တင်ပို့ရာတွင် လိုအပ်သည့် ကောင်းမွန်သော တိရစ္ဆာန် မွေးမြူရေးကျင့်စဉ် လက်မှတ်များ၊ ကောင်းမွန်သော ရေထွက်ပစ္စည်း မွေးမြူရေးကျင့်စဉ် လက်မှတ်များရရှိရေး တို့အတွက် လုပ်ထုံးလုပ်နည်း များနှင့်အညီ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးရမည်။

၃၈။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသည် ဦးဆောင်အဖွဲ့၏ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက် ရမည်။

၃၉။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဥပဒေ နှင့် နည်းဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အပါအဝင် ဦးဆောင်အဖွဲ့၏ ရုံးလုပ်ငန်းများအတွက် လိုအပ်သော ရန်ပုံငွေရရှိရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၄၀။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် လယ်ယာလုပ်သားများ အပါ အဝင် တောင်သူလယ်သမားများအား တည်ဆဲ ဥပဒေများနှင့်အညီ အခွင့်အရေးများရရှိရန် လိုအပ်သလို ကူညီဆောင်ရွက်ရမည်။

၄၁။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အပြည့်အစုံကို သုံးလပတ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် မတ်လ (၃၁) ရက်နေ့အထိ နှစ်ချုပ်အစီရင်ခံစာတို့ကို ဦးဆောင်အဖွဲ့သို့ တင်ပြရမည်။

---

မူလနည်းဥပဒေ (၃၇)၊(၃၈)၊(၃၉)နှင့် (၄၀)တို့အား နည်းဥပဒေ (၃၈)၊(၃၉)၊(၄၀)နှင့် (၄၁) အဖြစ် အမှတ်စဉ် ပြင်ဆင်သည်။

၄၂။ ဦးဆောင်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အပြည့် အစုံကို နှစ်ဝက် အစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် မတ်လ (၃၁) ရက်နေ့အထိ နှစ်ချုပ်အစီရင်ခံစာတို့ကို အစိုးရအဖွဲ့ သို့ တင်ပြရမည်။

(ပုံ) မြင့်လှိုင်
ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

---

မူလနည်းဥပဒေ (၄၁)အား နည်းဥပဒေ (၄၂) အဖြစ် အမှတ်စဉ် ပြင်ဆင်သည်။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်
# အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို
# ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ
# (၂၀၂၀ ပြည့်နှစ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# အမိန့်ကြော်ငြာစာအမှတ် ၃၀၆ / ၂၀၂၀
# ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
# ( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေတွင်ပါရှိသော “လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန” ဆိုသည့် စကားရပ်ကို “စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန” ဆိုသည့်

စကားရပ်ဖြင့် လည်းကောင်း၊ "ပြည်ထောင်စု အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ဂ)တွင် ပါရှိသော "မျိုးကောင်းမျိုးသန့်မျိုးစေ့များ" ဆိုသည့် စကားရပ်ကို "အရည်အသွေးပြည့်မီသော ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ၆၊ နည်းဥပဒေခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(ဈ) လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၊ စားကျက်မြေ၊ သစ်တောမြေ သို့မဟုတ် အခြားမြေများပေါ်တွင် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များ အဖြစ် အသုံးပြုလျက်ရှိသော လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ တရားဝင် လုပ်ကိုင်အသုံးပြုခွင့် ရရှိစေရန် သက်ဆိုင်

သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။”

၅။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ည)၏ နောက်တွင် နည်းဥပဒေခွဲ (ည-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ည-၁) ငါးမွေးမြူရေး အပါအဝင် မွေးမြူရေး လုပ်ငန်းအသုံးပြုမြေအဖြစ် တည်ဆဲဥပဒေ များအရ တရားဝင်လုပ်ကိုင် အသုံးပြုခွင့် ရရှိသူကို အောက်ပါ အခွင့်အရေးများ မှန်ကန်စွာ ရရှိစေရန် ညှိနှိုင်း ဆောင်ရွက် ခြင်း၊

(၁) ငါးမွေးမြူရေးအပါအဝင် မွေးမြူရေး လုပ်ငန်းလုပ်ကိုင် အသုံးပြုခွင့် ရရှိသည့် မြေကို လက်ရှိထားပိုင်ခွင့်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုခွင့်၊ ယင်းသို့ လုပ်ကိုင် အသုံးပြုခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) လယ်ယာမြေဥပဒေအရ ငါးမွေးမြူရေး အပါအဝင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုရန် ခွင့်ပြုမိန့်ရရှိသော မြေအားလုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကို ဖြစ်စေ၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့် နှင့် ပေးကမ်းခွင့်၊

(၃) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုခွင့် ရရှိသည့်မြေကို အမွေဆက်ခံခြင်း နှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(၄) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုခွင့်၊

(၅) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး အတွက် ကျေးလက် သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံ မှုနှင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ နှင့် လည်း ကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(၆) မွေးမြူရေးလုပ်ငန်းတွင် နိုင်ငံခြား သား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အညီ အကျိုးတူလုပ်ကိုင်ခွင့်။"

၆။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၁၇၊ နည်းဥပဒေ ၁၈ နှင့် နည်းဥပဒေ ၁၉ တို့တွင် ပါရှိသော "မျိုးစေ့၊ မျိုးသားပေါက်" ဆိုသည့် စကားရပ်ကို "ပျိုးပင်၊ မျိုးစေ့၊ မျိုး နှင့် သားပေါက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၁ နှင့် နည်းဥပဒေ ၂၁

နည်းဥပဒေခွဲ(ခ)တွင် ပါရှိသော "နှစ်ပေါက်"ဆိုသည့် စကားရပ်ကို "နှစ်စဉ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၃ တွင်ပါရှိသော "တောင်သူလယ်သမား တစ်ဦးချင်းကို အာမခံသူ နှစ်ဦးစီဖြင့်" ဆိုသည့် စကားရပ်ကို "တောင်သူလယ်သမား တစ်ဦးချင်းစီက ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ကို ဘဏ်သို့ အပေါင်အဖြစ် ပေးအပ်၍ ကိုယ်တိုင် အာမခံသည့် စနစ်ဖြင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၄၁ နှင့် နည်းဥပဒေ ၄၂ တို့တွင်ပါရှိသော "ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် မတ်လ (၃၁) ရက်နေ့အထိ" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် စက်တင်ဘာလ (၃၀)ရက်နေ့အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန